
# ရက္ခိုင့်တပ်တော် (AA)နှင့် စစ်ကောင်စီ၏ ထိတွေ့တိုက်ပွဲများ



NLTA

NYAN LYNN THIT ANALYTICA

# စစ်ရေးအခြေအနေ အကျဉ်းချုပ်


ရခိုင်ရှိ မြို့နယ်အများအပြားနှင့် ချင်း၊ ပလက်ဝမြို့နယ်တွေအတွင်းမှာ ရက္ခိုင့်တပ်တော်(AA) နှင့် အာဏာသိမ်းစစ်ကောင်စီတပ်တို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပါတယ်။ စက်တင်ဘာ ၂၄ မှ အောက်တိုဘာ ၁၇ ထိ တိုက်ပွဲတွေအတွင်းမှာ စစ်ကောင်စီရဲ့ စစ်စခန်း ၁ ခုကို ရက္ခိုင့်တပ်တော်(AA)မှ သိမ်းပိုက်ရရှိခဲ့ပါတယ်။ စစ်ကောင်စီက စစ်သည်၊ လက်နက်၊ ရိက္ခာဖြည့်တင်းတာတွေကို ရခိုင်အနှံ့မှာလုပ်ဆောင်နေပြီး တိုက်ပွဲများအတွင်း လေကြောင်းနှင့် လက်နက်ကြီးပစ်ကူများအသုံးပြု၍ တိုက်ခိုက်လျက်ရှိနေပါတယ်။ တိုက်ပွဲများကြောင့် စက်တင်ဘာ ၂၄ မတိုင်မီ ကာလထက် စစ်ဘေးရှောင်ဦးရေ (၂) ဆ မြင့်တက်လာခဲ့ပါတယ်။

စစ်ကောင်စီမှ ရခိုင်အတွင်း ဆေးဝါး၊ ရိက္ခာနှင့် ကုန်ပစ္စည်းများကို ဖြတ်တောက်ရန်အတွက် ရေကြောင်းနှင့် ကုန်းလမ်းများကို ပိတ်ဆို့ကန့်သတ်မှုများ ဆက်တိုက်ပြုလုပ်လျက်ရှိပြီး ကားနှင့် စက်လှေများကို ဖမ်းဆီးမှုများ ဆက်တိုက်ပြုလုပ်လျက်ရှိပါတယ်။ ထို့အပြင် ဝန်ထမ်းများနှင့် အရပ်သားများကို ဖမ်းဆီးမှုများ၊ တရားစွဲဆိုမှုများကိုလည်း လုပ်ဆောင်လျက်ရှိပါတယ်။

---

# စစ်ကောင်စီလက်လွှတ်ခဲ့ရသော စစ်အခြေစိုက်စခန်း


<u>(စက်တင်ဘာ (၂၄) မှ အောက်တိုဘာ (၁၇)အထိ)</u>




CRD:DVB

မှတ်ချက်။ ။ လွတ်လပ်သောသတင်းမီဒီယာများနှင့် အဖွဲ့အစည်းများမှ ကောက်ယူစုဆောင်းခြင်းဖြစ်သဖြင့် ပြောင်းလဲမှုပြုပြင်အခြေအနေနှင့်ကွာဟချက်များရှိနိုင်ပါသည်။

# AA နှင့် စစ်ကောင်စီကြားထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သောမြို့နယ်ပြမြေပုံ




| | ထိတွေ့တိုက်ပွဲ အကြိမ် |
|---|---|
| ရခိုင် | ၂၁ ကြိမ် |
| ချင်း | ၃ ကြိမ် |
| စုစုပေါင်း | ၂၄ ကြိမ် |

| တိုက်ပွဲဖြစ်ပွားရာမြို့နယ်များ | အကြိမ်ရေ |
|---|---|
| မင်းပြား | ၄ |
| ရသေ့တောင် | ၆ |
| ကျောက်တော် | ၂ |
| မြောက်ဦး | ၂ |
| ဘူးသီးတောင် | ၄ |
| မောင်တော | ၂ |
| အမ်း | ၁ |
| ပလက်ဝ | ၃ |

မှတ်ချက်။ ။ လွတ်လပ်သောသတင်းမီဒီယာများနှင့် အဖွဲ့အစည်းများမှ ကောက်ယူစုဆောင်းခြင်းဖြစ်သဖြင့် မြေပြင်အခြေအနေနှင့်ကွာဟချက်များရှိနိုင်ပါသည်။

# တိုက်ပွဲများ (စက်တင်ဘာ)

## စက်တင်ဘာ ၂၄

ရခိုင်၊ ကျောက်တော်မြို့တွင် နံနက် (၂) နာရီခန့်က လက်နက်ကြီးကျည်ကျရောက်မှုကြောင့် သိန်းဆန်းအမည်ရှိ တည်းခိုခန်းနှင့် နေအိမ်သုံးအိမ်ခန့် ထိခိုက်ပျက်စီးခဲ့ပြီး အမျိုးသား (၁) ဦး ဒဏ်ရာရခဲ့ပါတယ်။

## စက်တင်ဘာ ၂၅

ည ၁၁ နာရီကျော်၌ ကျောက်တော်မြို့နယ်၊ နဂရာကျေးရွာတွင် ကျောက်တော်မြို့ အမှတ်(၉)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် စကခ(၉) ၏ လက်နက်ကြီးကျ၍ ကလေးငယ် (၁) ဦး သေဆုံးကာ အမျိုးသား (၁) ဦး ဒဏ်ရာ ရရှိခဲ့ပါတယ်။




နဂရာကျေးရွာ
တည်နေရာပြမြေပုံ

## စက်တင်ဘာ ၂၆

ရခိုင်၊ မင်းပြားမြို့အနီးရှိ သတ်ပုန်းချောင်း၊ ချောင်းရှည်အနားတွင် စစ်ကောင်စီတပ်နှင့် ရက္ခိုင့်တပ်တော်(AA) တို့ တိုက်ပွဲပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်ကို ကြည်း၊ ရေ၊ လေတို့နှင့် ပူးပေါင်းတိုက်ခိုက်ခဲ့ပါတယ်။ ပေါက်တောဖက်မှ ဆင်းလာသည့် စစ်ကောင်စီဘက်မှ စစ်ရေယာဉ် (၂) စီးကို ချောင်းရှည်အနားအရောက်တွင် ရက္ခိုင့်တပ်တော် (AA) က စတင်တိုက်ခိုက်ခဲ့ပြီး ၁ နာရီ နီးပါးကြာ နှစ်ဘက်အပြန်အလှန် တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။ တိုက်ပွဲအတွင်း စစ်ကောင်စီ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်များကြောင့် ခေါင်းလောင်းချောင်း ဘုန်းတော်ကြီးကျောင်းတွင် ပုန်းနေကြသည့် အမျိုးသမီး (၁) ဦးနှင့် ကလေး (၂) ဦး တို့ ဒဏ်ရာရရှိခဲ့ကြပါတယ်။ မင်းပြားမြို့နယ်၊ စက္ကေလေကျေးရွာ၊ သက်ပုန်း(သတ်ပုန်းချောင်း)ကျေးရွာ၊ ပုလဲပေါက်(ဗလီပေါက်)ကျေးရွာနှင့် ချောင်းရှည်ကျေးရွာအနီးတွင် AA အခြေချထားသည်ဟု ယူဆရသည့်နေရာများကို စစ်ကောင်စီက တိုက်လေယာဉ်ဖြင့် လာရောက်ပစ်ခတ်နေသဖြင့် နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုများရှိခဲ့ပါတယ်။ စစ်ကောင်စီက မင်းပြားမြို့နယ်က ဖုန်းလိုင်းများကို ဖြတ်တောက်ခဲ့ပါတယ်။




ခေါင်းလောင်းချောင်းဘုန်းတော်ကြီးကျောင်းတွင် ပုန်းနေကြသည့် ကလေး (၂) ဦး လက်နက်ကြီးကြောင့် ဒဏ်ရာရရှိပုံ

# တိုက်ပွဲများ (စက်တင်ဘာ)

## စက်တင်ဘာ ၂၇

နံနက် ၉ နာရီကျော်အချိန်ခန့်က စစ်ကောင်စီတပ်မှ လက်နက်ကြီးကျည်များပစ်ခတ်မှုကြောင့် မင်းပြားမြို့နယ်၊ စက္ကရေကျေးရွာမှ အမျိုးသား (၃) ဦးနှင့် အမျိုးသမီး (၁) ဦးဒဏ်ရာရရှိခဲ့ပါတယ်။ ခေါင်းလောင်းချောင်းကျေးရွာနှင့် သက်ပုန်းကျေးရွာတို့တွင် စစ်ကောင်စီမှ လက်နက်ကြီးပစ်ခတ်မှုများ ပြုလုပ်ခဲ့ပြီး လူနေအိမ်များ ထိခိုက်ပျက်စီးခဲ့ပါတယ်။

ဖလောင်းပြင်ကျေးရွာတွင် နေ့လည်(၁၂)နာရီခွဲခန့်က လက်နက်ကြီးကျရောက်ပေါက်ကွဲ၍ အမျိုးသား (၁) ဦးနှင့် ကလေးငယ် (၁) ဦးတို့ဒဏ်ရာရခဲ့ကြပါတယ်။ လက်နက်ကြီးများပစ်ခတ်မှုကြောင့် သက်ပုန်း၊ ချောင်းရှည်၊ ခေါင်းလောင်းချောင်း၊ ပုလဲပေါက်(ဗလီပေါက်)၊ စက္ကရေ၊ ကျားရေပြင်(ကျားရှည်ပြင်) တို့မှ ကျေးရွာသားများမှာ နီးစပ်ရာကျေးရွာများသို့ ထွက်ပြေးတိမ်ရှောင်ခဲ့ရပါတယ်။

ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာအနီးရှိ အထက်နန်းရာစေတီတောင်ပေါ်တွင် တပ်စွဲထားသည့် စကစ နယ်ခြားစောင့်စခန်းကို ရက္ခိုင့်တပ်တော်(AA)က လက်နက်ကြီးဖြင့် ပစ်ခတ်သည့်အတွက် စခန်းအတွင်း မီးလောင်မှု ဖြစ်ပွားခဲ့ပြီးနောက် ရသေ့တောင်အခြေစိုက် (၅၃၆) တပ်ရင်းက လက်နက်ကြီးများဖြင့် ည (၆) နာရီကနေ (၁၀) နာရီထိ အထက်နန်းရာချောင်းတစ်ဝိုက်ကို ပစ်ခတ်ခဲ့ပါတယ်။

## စက်တင်ဘာ ၂၈

စက်တင်ဘာ ၂၈၊ ညတွင် ရသေ့တောင်မြို့ အခြေစိုက် တပ်ရင်းများက လက်နက်ကြီးများဖြင့် ဆက်လက်ပစ်ခတ်ခဲ့ပါတယ်။

## စက်တင်ဘာ ၂၉

နံနက် ၁၁ နာရီကျော်တွင် ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကျောက်တော်မြို့နယ်အစပ် ဗုဒ္ဓေါကျေးရွာအနီး နန္ဒင်းတောင်ပေါ်တွင် စခန်းချနေထိုင်သော စစ်ကောင်စီဗျူဟာကုန်းကို ရိက္ခာပို့ရန် လာသည့် စစ်ကြောင်းကို ရက္ခိုင်တပ်တော်(AA) က ကြားဖြတ်ဝင်ရောက် တိုက်ခိုက်ခဲ့၍ စစ်ကောင်စီတပ်သား (၂) ဦး သေဆုံးခဲ့ပြီး၊ (၅) ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ တိုက်ပွဲဖြစ်ပွားစဉ်အတွင်း ကျောက်တော်အခြေစိုက် ခမရ (၅၃၉) တပ်ရင်းမှ လက်နက်ကြီးပစ်ကူပေးသဖြင့် နန္ဒင်းတောင်အနီးတွင် ဗုဒ္ဓေါ၊ ကွမ်းအုံစု၊ ချောင်းတူ၊ လမ်းပိုင်ခွင်၊ အောင်မင်္ဂလာ၊ မော်ရွာ စသည့်ကျေးရွာသားများမှာ ကဏန်းတောင်၊ မြတ်လှဲ၊ သဲတောင် စသည့်နေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါတယ်။

CRD:DVB

# တိုက်ပွဲများ (အောက်တိုဘာ)

## စက်တင်ဘာ ၂၉

နေ့လည် (၂) နာရီကျော်ခန့်တွင် ရသေ့တောင်မြို့နယ်၊ စေတီပြင်- ကျောက်ပန်းတူ တောင်ကျော် ကားလမ်းပေါ်တွင် ရိက္ခာဆင်းယူသည့် စစ်ကောင်စီတပ်ဖွဲ့ကို သက်န်းတောင်အနီး၌ ရက္ခိုင့်တပ်တော်(AA)က ကြားဖြတ်တိုက်ခိုက်ခဲ့သဖြင့် အပြန်အလှန် တိုက်ပွဲဖြစ်ခဲ့ပါတယ်။
နေ့လည် (၃) နာရီခန့်၌ မြောက်ဦးမြို့နယ် နားတန်ကျေးရွာနှင့် မောင်းဆွဲကျေးရွာကြားတွင် ရက္ခိုင့်တပ်တော်(AA)က မိုင်းဆွဲတိုက်ခိုက်ခဲ့ရာတွင် နာရီဝက်ခန့်ကြာ အပြန်အလှန်တိုက်ပွဲဖြစ်ကာ စစ်ကောင်စီတပ်ဖွဲ့ဝင် (၂) ဦးသေဆုံးခဲ့ပါတယ်။
မြောက်ဦးအခြေစိုက် ခမရ (၃၇၈) တပ်ရင်းမှ လက်နက်ကြီးကျည်များ အဆက်မပြတ် ပစ်ခတ်မှုကြောင့် မွန်းလွဲ (၃) နာရီအချိန်ခန့်က မြောက်ဦးမြို့နယ် မောင်းဆွဲကျေးရွာက ကလေး (၂) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး နေအိမ် (၁) လုံး ပျက်စီးခဲ့ပါတယ်။



စစ်ကောင်စီရဲ့ လက်နက်ကြီးထိမှန်မှုကြောင့်
မြောက်ဦးမြို့နယ် မောင်းဆွဲကျေးရွာက ကလေး (၂) ဦးထိခိုက်ဒဏ်ရာရ

## စက်တင်ဘာ ၃၀

နေ့လည် (၃) နာရီကျော်တွင် ရသေ့တောင်မြို့နယ်၊ ဆောက်ခပ်ကျေးရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီ စခန်းမှ စစ်ကောင်စီတပ်သား (၅) ဦးကို ရက္ခိုင့်တပ်တော်(AA) တပ်ဖွဲ့ဝင်များက ကင်းပုန်းဝပ်ကာ စနိုက်ဘာဖြင့် ပစ်ခတ်သဖြင့် စစ်သား (၄) ဦး သေဆုံးပြီး (၁) ဦးဒဏ်ရာ ရရှိခဲ့ပါတယ်။

CRD:DVB

# တိုက်ပွဲများ (အောက်တိုဘာ)

## အောက်တိုဘာ ၁

မနက် ၉ နာရီဝန်းကျင်၌ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဖရုံချောင်းရွာ၏ အနောက်ဘက်တွင် စစ်ကောင်စီတပ်နှင့် ရက္ခိုင့်တပ်တော်(AA) တို့ကြား မိနစ် ၂၀ ခန့်ကြာ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။
ရခိုင်၊ ပုဏ္ဏားကျွန်းနှင့် ကျောက်တော်မြို့နယ်အစပ် ဒေးဝန်းချောင်းအနီးဝန်းကျင်ကို ကျောက်တော်မြို့နယ် ကန်စောက်အခြေစိုက် (၅၃၉) တပ်ရင်းမှ လက်နက်ကြီးကျည်များဖြင့် အတွဲလိုက် ပစ်ခတ်မှုများရှိခဲ့ပါတယ်။

## အောက်တိုဘာ ၂

ညနေ ၅ နာရီ ၇ မိနစ်၌ ပလက်ဝမြို့နယ်၊ မြိတ်ဝကျေးရွာ၏ အရှေ့တောင်ဘက်တွင် စစ်ကောင်စီတပ်နှင့် ရက္ခိုင့်တပ်တော်(AA) တို့ကြား မိနစ် ၂၀ ခန့်ကြာတိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။

## အောက်တိုဘာ ၃

နေ့လည် ၁ နာရီ ၃၀ မိနစ်၌ ဘူးသီးတောင်မြို့နယ်၊ ကျောက်စာတိုင် (မြို့ခမီ) ရွာ၏ တောင်ဘက်တွင် စစ်ကောင်စီတပ်နှင့် ရက္ခိုင့်တပ်တော်(AA) တို့ကြား ၅ နာရီခန့်ကြာ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။ စစ်ကောင်စီမှ ၁၇ ဦး သေဆုံးကာ ၁၅ ဦး ဒဏ်ရာရရှိခဲ့ပြီး ရက္ခိုင့်တပ်တော်(AA) မှ လက်နက်ခဲယမ်း၊ စစ်အသုံးအဆောင်ပစ္စည်းအများအပြား သိမ်းဆည်း ရမိခဲ့ပါတယ်။ ညနေ ၆ နာရီခွဲခန့်မှစကာ ၈ နာရီခွဲကျော်အထိ မင်းပြားမြို့ ကျိန်းတောင်နှင့် မယ်တော်တောင်တို့တွင်တပ်စွဲထားသည့် စစ်ကောင်စီတပ် နှင့် ဘူးသီးတောင် အခြေစိုက် တပ်ရင်းများကလည်း လက်နက်ကြီးများ ပစ်ခတ်ခဲ့ပါတယ်။

## အောက်တိုဘာ ၄

ကျောက်တော်မြို့နယ်၊ ကန်စောက်အခြေစိုက် ၅၃၉ တပ်ရင်းမှ နေ့လည် ၁နာရီခွဲခန့်မှ စတင်ပြီး ကျောက်တော်၊ ပုဏ္ဏားကျွန်းနယ်ခွဲအနီးရှိ ရွက်မညှိုးတောင်နှင့် ဘုရားပေါ်တောင်များသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပါတယ်။ လက်နက်ကြီးကျည်ကျရောက်မှုကြောင့် ရသေ့တောင်မြို့နယ် ကျောက်ရန်သာစည်ကျေးရွာမှ နေအိမ် (၄) အိမ် ပျက်စီးခဲ့ပါတယ်။

CRD:DVB

# တိုက်ပွဲများ (အောက်တိုဘာ)

## အောက်တိုဘာ ၅

မနက် (၉) နာရီ (၅၂) မိနစ်၌ ဘူးသီးတောင်မြို့နယ်၊ ဂူဒါပြင်ရွာနှင့် တောင်ရွာကြားတွင် စစ်ကောင်စီတပ်နှင့် ရက္ခိုင့်တပ်တော်(AA)တို့ကြား မိနစ် (၃၀) ကြာတိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ရေယာဉ်မှ လက်နက်ကြီးများ ပစ်ကူခဲ့ပါတယ်။
နေ့လည် (၁) နာရီခန့်တွင် အမ်းမြို့နယ်၊ ပိန္နဲတောင်နှင့် အိုးထိန်းတောင် အခြေစိုက် စစ်ကောင်စီတပ်က ရက္ခိုင့်တပ်တော်(AA)က လွှတ်တင်သည့် ဒရုန်းတစ်စင်းကို လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ပါတယ်။
ရသေ့တောင်မြို့နယ်၊ ကုလားချောင်းနှင့် ကုန်တန်းကျေးရွာဘက်သို့ စစ်ကောင်စီတပ်မှ တိုက်လေယာဉ်တစီးဖြင့် (၄) ကြိမ်တိတိ ပစ်ခတ်ခဲ့ပါတယ်။စစ်ကောင်စီရဲ့ လက်နက်ကြီးကျည်ကျရောက်မှုကြောင့် ရွာသား (၁) ဦး ဒဏ်ရာရခဲ့ပြီး ကျောက်ရန်သာစည်ကျေးရွာမှ နေအိမ် (၂) အိမ် ပျက်စီးခဲ့ပါတယ်။
စစ်ကောင်စီတပ်မှ လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် မင်းပြားမြို့နယ်၊ ဖားပြိုရွာမှ ကြမ်းတိုက်ရွာသို့ စစ်ဘေးရှောင်နေသည့် အမျိုးသမီး (၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။




စကာစမှ လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် မင်းပြားမြို့နယ်၊ ဖားပြိုရွာမှ ကြမ်းတိုက်ရွာသို့ စစ်ဘေးရှောင်နေသည့် အမျိုးသမီး (၁) ဦး ထိခိုက်ဒဏ်ရာရရှိ

## အောက်တိုဘာ ၆

ဘူးသီးတောင်မြို့နယ်၊ ဂူဒါပြင်ရွာ နှင့် တောင်ရွာကြားတွင် နှစ်ဘက်တိုက်ပွဲများ ဆက်လက်ရှိခဲ့ပါတယ်။ အောက်တိုဘာ ၅ ရက်နှင့် အောက်တိုဘာ ၆ ရက် ( ၂ ) ရက်တာတိုက်ပွဲအတွင်း စစ်ကောင်စီတပ်မှ ( ၁၀ ) ဦး သေဆုံးပြီး ( ၁၀ ) ဦးခန့် ဒဏ်ရာရရှိခဲ့ပါတယ်။
ရသေ့တောင်မြို့နယ်၊ ကုန်တန်း၊ ကုလားချောင်းစသည့်ကျေးရွာများအနီးနှင့် လယ်သူကြီးတောင်အနီးတို့ကို စစ်ကောင်စီတပ်က ဂျက်ဖိုက်တာတစီးဖြင့် ည ( ၁ ) နာရီ ( ၅ ) မိနစ်တွင် ( ၂ ) ကြိမ်တိုင်လာရောက်ပစ်ခတ်ခဲ့ပြီး ည ( ၁ ) နာရီ မိနစ် ( ၂၀ ) ခန့်တွင်လည်း ရသေ့တောင် ခမရ ( ၅၃၆ ) နှင့် ရေစိုးချောင်း ဗျူဟာတို့က ယင်းနေရာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပါတယ်။
ကျောက်တော်မြို့နယ်၊ ခေါင်းတုတ်ရွာကို စစ်ကောင်စီတပ်က လက်နက်ကြီး၊ လက်နက်ငယ်များ ပစ်ခတ်ခဲ့မှုကြောင့် နေအိမ် ( ၃ ) လုံးပျက်စီးခဲ့ပါတယ်။

# တိုက်ပွဲများ (အောက်တိုဘာ)

## အောက်တိုဘာ ၇

မင်းပြား-မြေပုံဆက်သွယ်ရေးလမ်းကြောင်းဖြစ်သည့် ကြပ်စင်တံတားပေါ်တွင် အောက်တိုဘာ ၂ ရက်နေ့မှ စတင်၍ ယာယီတပ်စွဲခဲ့သော စစ်ကောင်စီတပ်ဖွဲ့ကို ရက္ခိုင့်တပ်တော် ( AA ) က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၈ ဦး သေဆုံးပြီး ဒဏ်ရာရသူတချို့ရှိခဲ့ပါတယ်။ ၎င်းစစ်ကောင်စီတပ်မှ လက်နက်ကြီးပစ်ခတ်မှုကြောင့် မင်းပြားမြို့နယ်၊ ဖလောင်းပြင်ကျေးရွာမှ အမျိုးသား (၅) ဦးနှင့် အမျိုးသမီး (၁) ဦး ထိခိုက်ဒဏ်ရာရခဲ့ပါတယ်။
ညနေ ( ၅ ) နာရီခွဲခန့်က ချင်း၊ ပလက်ဝမြို့နယ်၊ မွန်ထောင့်ချောင်းကျေးရွာထဲသို့ လက်နက်ကြီးကျည်ကျရောက်၍ အမျိုးသမီး ( ၁ ) ဦး ဒဏ်ရာရခဲ့ပါတယ်။

## အောက်တိုဘာ ၉

မြောက်ဦးမြို့နယ်တွင် စစ်ကောင်စီတပ်တို့တပ်စွဲထားရာ လင်းမြွေတောင်နှင့် ရက္ခိုင့်တပ်တော်မှ တပ်စွဲထားသည့် ကညင်တောင်တို့မှ လက်နက်ကြီးလက်နက်ငယ်များဖြင့် နှစ်ဘက်အပြန်အလှန် ပစ်ခတ်ခဲ့ပါတယ်။

## အောက်တိုဘာ ၁၀

မောင်တောမြို့နယ်မြောက်ပိုင်းရှိ စစ်ကောင်စီ၏ နယ်ခြားစောင့်စခန်းတစ်ခုဖြစ်သည့် လိပ်ရစခန်းကို ရက္ခိုင့်တပ်တော် ( AA ) မှ သိမ်းပိုက်ခဲ့ပါတယ်။ AA ဘက်က (၁)ဦးကျဆုံးပြီး စစ်သုံ့ပန်း(၃)ဦးကို ဖမ်းဆီးရမိခဲ့ကြောင်းနှင့် လက်နက်ခဲယမ်းတချို့လည်း သိမ်းဆည်းရမိကြောင်းကို AAက ထုတ်ပြန်ပါတယ်။ စစ်ကောင်စီတပ်စခန်းက ပစ်ခတ်တဲ့ လက်နက်ကြီးတစ်လုံးဟာ လိပ်ရ(ကုရ်ဟာလီ) ရိုဟင်ဂျာကျေးရွာထဲကိုကျရောက်ပြီး ရိုဟင်ဂျာ (၁) ဦး သေဆုံးသွားခဲ့ပါတယ်။




သုံ့ပန်းနှင့်လက်နက်ခဲယမ်းတချို့ဖမ်းဆီးရမိပုံ

## အောက်တိုဘာ ၁၃

မောင်တောမြို့နယ်၊ဖားဝပ်ချောင်းကျေးရွာနဲ့ ဘူးသီးတောင်မြို့နယ်၊ ငှက်ပျောချောင်းကျေးရွာအနီးသို့ စစ်ကောင်စီမှ တိုက်လေယာဉ်၊စစ်ရဟတ်ယာဉ်တွေနဲ့လာရောက်ပစ်ခတ်ခဲ့ပါတယ်။

# တိုက်ပွဲများ (အောက်တိုဘာ)

## အောက်တိုဘာ ၁၄

အောက်တိုဘာ ၁၄၊ နေ့လည် ၂ နာရီ မိနစ် ၄၀ ခန့်တွင် ခဝဲဗျူဟာကုန်းမှ ချင်း၊ ပလက်ဝမြို့နယ်၊ အဘောင်သားကျေးရွာအနီးသို့ ရိက္ခာလာယူသည့် စစ်ကောင်စီစစ်ကြောင်းကို ရက္ခိုင့်တပ်တော် (AA) ကတိုက်ခိုက်၍ နှစ်ဘက်ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား (၃)ဦး သေဆုံးခဲ့ပါတယ်။

## အောက်တိုဘာ ၁၅

ရသေ့တောင်မြို့နယ်၊ ကိုးတန်ကောက်ရွာအနီး စစ်ကောင်စီတပ်သားတွေ စီးလာတဲ့ အိမ်စီးကား ၂ စီးကို ရက္ခိုင့်တပ်တော်(AA)က တိုက်ခိုက်မှုကြောင့် စစ်ကောင်စီတပ်သား (၄) ဦး သေဆုံးခဲ့ပြီး နောက် စစ်ကောင်စီရဲ့ ကိုးတန်ကောက်စခန်း၊ အင်းဒင်စခန်းတို့မှ လက်နက်ကြီး၊ လက်နက်ငယ် တွေနဲ့ ဆက်တိုက်ပစ်ခတ်ခဲ့ပါတယ်။

## အောက်တိုဘာ ၁၇

မင်းပြားမြို့နယ်၊ ကြပ်စင်တံတားအနီးတွင် စစ်ကောင်စီစစ်ကြောင်းကို ရက္ခိုင့်တပ်တော် (AA) တပ်ဖွဲ့ဝင်များက မိုင်းခွဲတိုက်ခိုက်၍ စစ်ကောင်စီတပ်သားများ အထိနာခဲ့ကာ နှစ်ဘက်တပ်ဖွဲ့များအကြား အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး အနီးဝန်းကျင်ရှိ မင်းဘာကြီး ရပ်ကွက်၊ ဘူးပင်ရွာ၊ ငတန်ပြားရွာမှ ဒေသခံများကို နေအိမ်များမှ ထွက်ခွာသွားကြရန် စစ်ကောင်စီမှ အမိန့်ပေးခဲ့ပါတယ်။
မင်းပြားအခြေစိုက်တပ်ရင်းများက ပစ်ခတ်သောလက်နက်ကြီးကျရောက်မှုကြောင့် ဖလောင်းပြင်ကျေးရွာမှ အမျိုးသမီး (၁) ဦးနှင့် ကလေးငယ် (၁) ဦး သေဆုံးခဲ့ပြီး ၎င်းကျေးရွာမှ အမျိုးသမီး (၁) ဦး၊ ဆင်ကြီးပြင်ကျေးရွာမှ အမျိုးသမီး (၅) ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ မင်းပြားမြို့နယ် ထောင့်ချောင်းကြီးကျေးရွာမှာ တာဝန်ကျနေတဲ့ ကျောင်းဆရာမ (၁) ဦး လည်း လက်နက်ကြီးထိမှန်၍ သေဆုံးခဲ့ပါတယ်။
ည ၇ နာရီကျော်ခန့်တွင် ကျောက်တော်မြို့ ကစ္ဆပနဒီတံတားအနီးတွင် စစ်ကောင်စီတပ်ဖွဲ့ကို ရက္ခိုင့်တပ်တော် (AA)က မိုင်းခွဲတိုက်ခိုက်ခဲ့ပါတယ်။ စစ်ကောင်စီရဲ့ လက်နက်ကြီးကျည်ကျရောက်မှုကြောင့် ကျောက်တော်မြို့နယ် အထက်ပိုက်သည်ကန်ပိုက်ကျေးရွာမှ အမျိုးသမီး (၁) ဦး သေဆုံးခဲ့ပါတယ်။



ဖလောင်းပြင်ကျေးရွာမှ အမျိုးသမီး (၁) ဦး နှင့် ကလေးငယ် (၁) ဦး မိုင်းဒဏ်ရာရနေပုံ

# မိုင်းပေါက်ကွဲမှု

## စက်တင်ဘာ ၂၉

မြောက်ဦးမြို့နယ်တွင် အမျိုးသား(၁)ဦးသည် စစ်တပ်ကထောင်ထားသည့် မိုင်းကိုနင်းမိခဲ့ပြီး ခြေထောက်နှစ်ဖက်လုံးပြတ်သွားခဲ့ပြီး မြောက်ဦးဆေးရုံမှာ ကွယ်လွန်သွားခဲ့ပါတယ်။




မြောက်ဦးမြို့နယ်တွင် အမျိုးသား(၁)ဦး
မိုင်းဒဏ်ရာကြောင့်သေဆုံး

## အောက်တိုဘာ ၂

ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနယ်စပ်အနီး မြန်မာပိုင်နက်တွင် မြေမြှုပ်မိုင်းပေါက်ကွဲ၍ ရိုဟင်ဂျာဒုက္ခသည် (၁) ဦး သေဆုံးခဲ့ပါတယ်။

## အောက်တိုဘာ ၇

ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာတွင် မိုင်းပေါက်ကွဲ၍ ရိုဟင်ဂျာအမျိုးသား (၁)ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ပါတယ်




ရိုဟင်ဂျာအမျိုးသား (၁)ဦး
မိုင်းဒဏ်ရာရရှိနေပုံ


## အောက်တိုဘာ ၁၃

ညနေ ၆ နာရီကျော်တွင် ရခိုင်၊ ကျောက်တော်မြို့ရှိ အမှတ် (၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၏ အရှေ့ဖက်ခြံစည်းရိုးအနီးတွင် မိုင်းပေါက်ကွဲ၍ ပလောင်ကျေးရွာနေ ရိုဟင်ဂျာအမျိုးသမီး (၁) ဦး ဒဏ်ရာရရှိခဲ့ပါတယ်။



ပလောင်ကျေးရွာနေ ရို
ဟင်ဂျာအမျိုးသမီး
မိုင်းဒဏ်ရာရရှိနေပုံ

# AAနဲ့စစ်ကောင်စီရဲ့ မြို့နယ်အလိုက်ဖမ်းဆီးမှုပြမြေပုံ




**မှတ်ချက်။ ။ လွတ်လပ်သောသတင်းမီဒီယာများနှင့် အဖွဲ့အစည်းများမှ ကောက်ယူစုဆောင်းခြင်းဖြစ်သဖြင့် မြေပြင်အခြေအနေနှင့်ကွာဟချက်များရှိနိုင်ပါသည်။**

## AAနဲ့စစ်ကောင်စီရဲ့ ဖမ်းဆီးမှု

စစ်ကောင်စီနဲ့ ရက္ခိုင့်တပ်တော်ကြား တကျော့ပြန်တိုက်ပွဲများ ဖြစ်ပွားပြီးနောက်တွင် ရခိုင်၊ မြို့နယ် အနှံ့အပြားနှင့် ချင်း၊ ပလက်ဝတို့တွင် စစ်ကောင်စီမှ အရပ်သားများကို ဖမ်းဆီးမှုများ၊ တရားစွဲဆိုမှုများ ပိုမိုလုပ်ဆောင်လာခဲ့ပါတယ်။ စစ်ကောင်စီ၏ ဖမ်းဆီးခံရသူများတွင် အုပ်ချုပ်ရေးမှူးများ၊ အစိုးရဝန်ထမ်းများ၊ ဆေးဆိုင်ပိုင်ရှင်များ၊ လူမှုကူညီရေးအသင်းဝင်များ၊ လုပ်ငန်းရှင်များ၊ စက်လှေပိုင်ရှင်များ ပါဝင်ပါတယ်။ စက်တင်ဘာ ၂၄ မှ အောက်တိုဘာ ၁၇ ထိ စစ်ကောင်စီ၏ ဖမ်းဆီးခံရသူ ပေါင်း ၁၂၆ ဦး ရှိပြီး ၄၁ ဦး ပြန်လည်လွတ်မြောက်ခဲ့ပါတယ်။ AA မှလည်း ရဲ ၂ ဦး၊ ရခိုင့်ဦးဆောင်ပါတီဝင် ၂ ဦးနှင့် စစ်မှုထမ်းဟောင်း ၁ ဦးတို့ကို ဖမ်းဆီးခဲ့ပါတယ်။


# ထုတ်ပြန်ချက်များ

**စက်တင်ဘာ (၂၃)ရက်**

စစ်ကောင်စီတပ်မှ ဂျက်တိုက်လေယာဉ် (၃) စီးဖြင့် နာရီဝက်ကြာ ဗုံးကြဲတိုက်ခိုက်ခဲ့သောကြောင့် မောင်တောမြို့နယ်၊ လက်ပံတောင်ကြောပေါ် မှ AAရဲ့ အကျဉ်းထောင် (၂) ခုအား ထိမှန်ကာ ယင်းအကျဉ်းထောင်ရှိ စစ်ကောင်စီတပ်သား၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်နှင့် အခြားသော အကျဉ်းသားအချို့သေဆုံး၊ ဒဏ်ရာရရှိမှုများရှိခဲ့သည်ဟု AA မှ ထုတ်ပြန်ခဲ့ပါတယ်။
စစ်ကောင်စီဘက်ကနေ လက်နက်နဲ့ရော လက်နက်မပါဘဲပါ ဝင်လာတဲ့ စစ်ကောင်စီတပ်သားတွေနဲ့ ဖမ်းဆီးရမိတဲ့ စစ်ကောင်စီတပ်သား ၁၅၀ ကျော် အထိရှိနေတယ်လို့လည်း AAရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

**စက်တင်ဘာ (၂၉)ရက်**

မြန်မာစစ်တပ်မှ လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သားထိခိုက်သေဆုံးမှု၊ ဒဏ်ရာရရှိမှုတို့နှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုတို့အပေါ် ပြင်းထန်စွာရှုတ်ချကန့်ကွက်ကြောင်း ရခိုင်အမျိုးသားပါတီ(ANP)ကထုတ်ပြန်ခဲ့ပါတယ်။


Arakan National Party(ANP)
Headquarters
Sittwe, Rakhine State
headquarters.anp@gmail.com

**ရခိုင်အမျိုးသားပါတီ(ANP)ရဲ့ ထုတ်ပြန်ချက်**

**အောက်တိုဘာ (၃)ရက်**

စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ရသေ့တောင်၊ ဘူးသီးတောင် စသည့်မြို့နယ်များတွင်လည်း ညမထွက်ရအမိန့်များကို အသီးသီးထုတ်ပြန်ထားပြီး ပုဏ္ဏားကျွန်းမြို့နယ်တွင် ညမထွက်ရအမိန့်ကို သက်တမ်း (၂) လထပ်တိုးကြောင်း အောက်တိုဘာလ ၃ မှာ လိုက်လံကြေညာခဲ့ပါတယ်။

**အောက်တိုဘာ (၁၀)ရက်**

မြန်မာနယ်စပ်အနီး စစ်ရေးတင်းမာနေမှုကြောင့် နယ်စပ်ဖြတ်ကျော်ပြီး မှောင်ခိုမှုနှင့် တရားမဝင်ခိုးဝင်လာမှုများကို တားဆီးရန်အတွက် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ကို တပ်လှန့်ထားကြောင်းနှင့် မကြာမီ နှစ်နိုင်ငံကြား အလံတင်အစည်းအဝေး (၁)ခု ကျင်းပတော့မှာ ဖြစ်တယ်လို့ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် (BGB) ညွှန်ကြားရေးမှူးချုပ် SAKIL AHMED က ပြောပါတယ်။

# ထုတ်ပြန်ချက်များ

**အောက်တိုဘာ (၁၁)ရက်**

ရခိုင်၊ ဘူးသီးတောင်မြို့နယ်ရှိ အမှတ်(၈)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ (နခခ-၈)တွင် အောက်တိုဘာ ၁၁ မှ ၁၃ အထိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း လက်နက်ငယ်များ လေ့ကျင့်ပစ်ခတ်မည်ဖြစ်သောကြောင့် မီတာ ၈၀၀ ခန့်အကွာ အနီးအနားရှိကျေးရွာများကို သွားလာခွင့်ကန့်သတ်ကြောင်း အောက်တိုဘာ ၁၀ တွင် စစ်ကောင်စီနယ်မြေခံတပ်မှ ထုတ်ပြန်ခဲ့ပါတယ်။ သို့သော် ထုတ်ပြန်ချက်ကို အောက်တိုဘာ ၁၁၊ နေ့လည်တွင် ပြန်ရုတ်သိမ်းခဲ့တယ်လို့ အနီးအနားမှ ကျေးရွာ အုပ်ချုပ်ရေးမှူးတွေက ပြောကြပါတယ်။

**အောက်တိုဘာ (၁၂)ရက်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရခိုင်အမျိုးသားပါတီ(ANP) ကို အောက်တိုဘာလ ၁၂ တွင် ခေါ်ယူတွေ့ဆုံခဲ့ပြီး စစ်ရေးအခြေအနေများနှင့် ပတ်သက်၍ မျှမျှတတ သဘောထားထုတ်ပြန်ရန် သတိပေးပြောဆိုခဲ့ပါတယ်။ ရခိုင်ပြည်သူများအတွက် လိုအပ်လာပါကဆက်လက်ထုတ်ပြန်သွားမည်ဟု ပါတီ ဥက္ကဋ္ဌ ဦးသာထွန်းလှုက ပြောကြားထားပါတယ်။

CRD:DVB

# အခြားဖြစ်ရပ်များ

**အောက်တိုဘာ ၂**

ည ၇ နာရီခန့်တွင် မောင်တောခရိုင်ပညာရေးမှူး ဓားထိုးခံရပြီး သေဆုံးခဲ့ပါတယ်။

**အောက်တိုဘာ ၈**

ဘူးသီးတောင်မြို့နယ်ရှိ ရက္ခိုင့်တပ်တော်နှင့် စစ်ကောင်စီတပ်တို့ နှစ်ဘက်တပ်စွဲထားသည့် ဂူတာပြင်ကျေးရွာတွင် ရိုဟင်ဂျာကျောင်းဆရာ ဦးရှေကုလ်အစ္စလာမ် အသက်(၄၅)နှစ်သည် စနိုက်ပါဖြင့် ပစ်ခတ်ခံရ၍ သေဆုံးခဲ့ရပါတယ်။

**အောက်တိုဘာ ၉**

နံနက် ၁၁ နာရီခန့်က စစ်တွေမြို့ နာဇီရွာစက်ရုံစုရပ်ကွက်ရှိ ကုန်စုံဆိုင်တခုတွင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အဖွဲ့ဝင်များက သေနတ်၊ တုတ်၊ ဓားများဖြင့် အကြမ်းဖက်မှုကြောင့် ဆိုင်ပိုင်ရှင်အမျိုးသား နှင့် အခြားအမျိုးသား ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ ဒဏ်ရာရထားသူ (၂) ဦးကို ALP ဌာနချုပ်သို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး ထပ်မံရိုက်နှက်မှုတွေလည်း ပြုလုပ်ခဲ့ကြပါတယ်။ ကျူးလွန်သူများမှာ ရှောင်တိမ်းကြပြီး အဆိုပါတပ်ဖွဲ့ဝင်များအား ပါတီ၏မူအရ အကြမ်းအားဖြင့် (၆)လခန့် ချုပ်နှောင်ခံရမည်ဟု ALP ရဲ့ဒုတိယဗိုလ်မှူးကြီး ခိုင်ကျော်စိုးက ပြောထားပါတယ်။

**အောက်တိုဘာ ၁၀**

ညနေ ၅:၄၅ ဝန်းကျင်တွင် ရမ်းပြဲမြို့နယ်၊ ကျောက်နီမော်ကျေးရွာမှ အရပ်သား (၁) ဦးကို ကျောက်နီမော်ကျေးရွာအခြေစိုက်ရဲတပ်ရင်းက ရဲတပ်သားမှ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ပါတယ်။

**အောက်တိုဘာ ၁၄**

နံနက် ၈ နာရီခွဲတွင် စွေချောင်းဗျူဟာကုန်းမှ စစ်ကောင်စီတပ်သားများက အမ်းမြို့နယ်၊ တောင်မော်ကျေးရွာတွင် ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ် (ULA) ၏ ဒုတိုက်နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်ဇော် (၁) ဦးပြားကြီး ကို ပစ်ခတ်ဖမ်းဆီးခဲ့ပြီးနောက် ညှဥ်းပမ်းနှိပ်စက်မှုကြောင့် သေဆုံးသွားခဲ့သည်။


# စစ်ဘေးရှောင်အခြေအနေများ

ရသေ့တောင်မြို့နယ်မှာ စစ်ကောင်စီမှ လက်နက်ကြီးများ၊ ဂျက်လေယာဉ်များဖြင့် ပစ်ခတ်မှုများကြောင့် အောက်တိုဘာ ပထမအပတ်အတွင်း ဒေသခံ ထောင်နှင့်ချီ ထွက်ပြေးတိမ်းရှောင်နေရပြီး ဘူးသီးတောင်မြို့နယ်တွင်လည်း မြန်မာစစ်တပ်နှင့် ရက္ခိုင့်တပ်တော်(AA) တို့ တိုက်ပွဲဖြစ်ပွားပြီး လက်နက်ကြီးပစ်ခတ်မှုများကြောင့် သပိတ်တောင်(မြောက်)၊ စိမ်းညွှင်းပြင်၊ ဂူတာပြင် စသည့်ကျေးရွာသုံးရွာမှ လူပေါင်း ၈၀၀ ကျော် ဘူးသီးတောင်မြို့ပေါ်နှင့် တခြားကျေးရွာများသို့ ထွက်ပြေးလျက်ရှိပါတယ်။

ရခိုင်မှ မြို့နယ်အချို့နှင့် ချင်း၊ ပလက်ဝမြို့နယ်တို့က စစ်ဘေးရှောင်အချို့ကို အောက်တိုဘာလတွင် နေရပ်ပြန်ရန် စစ်ကောင်စီမှ ဖိအားပေးလျက်ရှိပြီး သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများမှ စစ်ဘေးဒုက္ခသည်စခန်းတာဝန်များခံများကို အကြောင်းကြားခဲ့ပါတယ်။ ပလက်ဝမြို့ပေါ်ရှိ စစ်ဘေးရှောင်စခန်း (၃) ခုတွင် စစ်ဘေးရှောင်ဦးရေ ၅၀၀၀ ခန့်ကျန်ရှိနေသေးပြီး ကျောက်တော်မြို့နယ်မှာ စစ်ဘေးရှောင်စခန်းပေါင်း ၁၁ ကျော်ခန့်ရှိကာ စစ်ဘေးရှောင်ဦးရေ ၇၀၀၀ ကျော်ခန့် ရှိပါတယ်။

အမ်းမြို့ပေါ်မှ စစ်ရှောင်များကို ၎င်းတို့၏ မူလနေရပ် အမ်းမြို့နယ်၊ ဒါးလက်အုပ်စုသို့ အတင်းပြန်ပို့ခဲ့ပြီးနောက် ၎င်းတို့နေရာကျေးရွာများသို့ ဆန်သယ်ယူခွင့်ကို စစ်ကောင်စီတပ်က တားဆီးပိတ်ပင်ထားသဖြင့် စားနပ်ရိက္ခာများပြတ်လပ်ကာ အခက်အခဲများ ဖြစ်လျက်ရှိပါတယ်။ ကျောက်တော်မြို့နယ်၊ ညောင်ချောင်းစစ်ဘေးရှောင်စခန်းတွင် အိမ်ထောင်စု ၁၀၈ စု လူဦးရေအားဖြင့် ၄၅၀ ခန့် အသစ်ထပ်တိုးလာသည့်အတွက် စားဝတ်နေရေးအခက်အခဲများစွာရှိနေပါတယ်။ ထို့အပြင် စစ်ကောင်စီမှ လုံခြုံရေးကိုအကြောင်းပြပြီး နိုင်ငံတကာနှင့် အရပ်ဘက်အဖွဲ့အစည်းများကို ရခိုင်မှ မြို့နယ်အချို့သို့ ခရီးသွားလာခွင့် ပိတ်ပင်ထားသည့်အတွက် စစ်ဘေးရှောင်များ စားဝတ်နေရေး အခက်ကြုံလျက်ရှိပါတယ်။

ရခိုင်မှာ ယခင်ကတည်းက နေရပ်စွန့်ခွာရပြီး အိမ်မပြန်နိုင်သေးတဲ့ စစ်ဘေးရှောင်အရေအတွက်ဟာ (၇၄,၃၆၉)ဦး ရှိပြီး ယခု အာဏာသိမ်းစစ်ကောင်စီနှင့် ရက္ခိုင့်တပ်တော်(AA)တို့အကြား တကျော့ပြန်တိုက်ပွဲတွေကြောင့် စက်တင်ဘာ ၂၇ ထိ နောက်ထပ် စစ်ရှောင်ဦးရေ (၁၇,၄၇၄)ဦး တိုးလာပြီး လက်ရှိတွင် (၉၁,၈၄၃)ဦး စစ်ဘေးရှောင်စခန်းတွေမှာ ခိုလှုံနေကြရပါတယ်လို့ UNITED NATION OFFICE FOR THE COORDINATION OF HUMANITARIAN AFFAIRS (UNOCHA)ရဲ့ထုတ်ပြန်ချက်အရ သိရပါတယ်။



## နိဂုံး

ရခိုင်မှာ စစ်ကောင်စီနဲ့ ရက္ခိုင့်တပ်တော်ကြား တကျော့ပြန်တိုက်ပွဲနောက်ပိုင်းမှာ စစ်ဘေးရှောင် အရေအတွက် ပိုမိုမြင့်တက်လာပြီး အရပ်သား သေဆုံးမှုနဲ့ ထိခိုက်ဒဏ်ရာရမှုတွေလည်း ရှိလာပါတယ်။ စက်တင်ဘာ (၂၄) မှ အောက်တိုဘာ (၁၇) အတွင်း အရပ်သား ၇ ဦး သေဆုံးခဲ့ပြီး ၂၉ ဦး ထိခိုက်ဒဏ်ရာရခဲ့ပါတယ်။

စစ်ကောင်စီမှ ရေလမ်း၊ ကုန်းလမ်းသွားလာမှုများကို ကန့်သတ်ပိတ်ပင်လျက်ရှိပြီး ဆေး၊ ရိက္ခာနှင့် ကုန်ပစ္စည်း သယ်ဆောင်မှုများကို ပိတ်ပင်တားမြစ်လျက်ရှိပါတယ်။ စစ်ကောင်စီက အစိုးရဝန်ထမ်းများ၊ ဆေးဆိုင်ပိုင်ရှင်များ၊ အရပ်သားများကို ဖမ်းဆီးမှုတွေ၊ တရားစွဲဆိုမှုတွေ ပိုမိုလုပ်ဆောင်လာတာကိုတွေ့ရပါတယ်။ စက်တင်ဘာ ၂၄ မှ အောက်တိုဘာ ၁၇ အတွင်း စစ်ကောင်စီမှ ၁၂၆ ဦး ဖမ်းဆီးခဲ့ပြီး AA မှ ၅ ဦး ဖမ်းဆီးခဲ့ပါတယ်။

ဒါ့အပြင် စစ်ကောင်စီက ရခိုင်အတွင်း စစ်သည်၊ လက်နက်နှင့် ရိက္ခာများ ဖြည့်တင်းလျက်ရှိပါတယ်။ လက်ရှိမှာ စစ်ကောင်စီရဲ့ ပိတ်ဆို့မှုတွေကြောင့် ရခိုင်နှင့် ချင်း၊ ပလက်ဝ တွင် စစ်ဘေးရှောင်တွေအပါအဝင် ဒေသခံတွေ စားဝတ်နေရေးခက်ခဲနေတဲ့အပြင် နေရာအနှံ့မှာ တိုက်ပွဲတွေ အချိန်မရွေးဖြစ်လာနိုင်တာကြောင့် ထိတ်လန့်နေ့ရတဲ့ အခြေအနေရှိနေပါတယ်။